## ပြုစုသူ၏အမှာစကား

ယနေ့ခေတ်၏ ရေစီးကြောင်းတွင် အလွန်အရေးပါသည့် အရာက ဘာလဲ၊ ၂၁ - ရာစုတွင် အကောင်းဆုံးလက်နက်က ဘာလဲ၊ ၂၁-ရာစုတွင် ပွဲလယ်တင့်ဖို့ အလိုအပ်ဆုံး ပညာက ဘာလဲ၊ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားပင် မဟုတ်ပါလား။ ယနေ့အချိန်အခါသည် ၂၁-ရာစု၏ပညာရှေ့ခေတ်ကို ထုဆစ်ဖန်တီးပေးကြမည့် ဗိသုကာများကို မွေးထုတ်ပေးရန် ကြိုးစားနေသည့် အချိန်သမယဖြစ်ပေသည်။ ပညာရှေ့ခေတ်၏ ဗိသုကာကောင်းများသည် ခေတ်နှင့်အမီ တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့အဆင့်မီ သိပ္ပံနှင့် နည်းပညာရပ်များကို လေ့လာဆည်းပူးနိုင်ရေးအတွက် ကမ္ဘာသုံးအင်္ဂလိပ်စာကို စနစ်တကျ ကျွမ်းကျင်စွာ တတ်မြောက်ဖို့က အလွန်ပင်အရေးကြီးသည်။

အင်္ဂလိပ်စာသင်ယူရာ၌ ပထမဆုံးတွေ့ရသော အခက်အခဲမှာ အသံထွက်နည်းဖြစ်သည်။ အသံထွက်တိကျမှန်ကန်စွာ ထွက်တတ်အောင် လေ့လာဖို့လိုသည်ကို သိကြမည် ထင်ပါသည်။ IPA (International Phonetics Association) မှထုတ်ပြန်ထားသော IPS (International Phonetic Symbols) အပြည်ပြည်ဆိုင်ရာ အသံထွက်သင်္ကေတများကို နားလည်ထားလျှင် အကောင်းဆုံးဖြစ်သည်။ ဤစာအုပ်တွင် စကားလုံးများ၏အသံထွက်ကို Phonetics သင်္ကေတတို့ဖြင့် ဖော်ပြထားသည်။ အသံထွက်ကို E to E Dictionary ကိုသာ အားကိုး၍ မြန်မာအသံထွက်များဖြင့် ပြထားသည်များကို အားမကိုးစေချင်ပါ။ Phonetics အသံထွက် ပညာကိုသာ လေ့လာကြည့်ပါ။ Phonetics ကို လေ့လာခြင်းအားဖြင့် စကားပြော၊ E to E Dictionary ကို ကြည့်သောအခါ စကားလုံးတိုင်းကို အသံမှန်မှန် ထွက်တတ်လာမှာ ဖြစ်ပါသည်။

အခုခေတ်လူငယ်တွေကို "What is your hobby?" လို့မေးလိုက်ရင် လူငယ်အတော်များများက "My hobby is singing a song or listening to music." လို့ ဖြေတာ များကြပါတယ်။

ဝါသနာဝလေ့ဆိုတာတော့ ပယ်ဖျောက်ရခက်ပါလိမ့်မယ်။ အင်္ဂလိပ်



သီချင်းနားထောင်, သီဆိုပြီး အချိန်ဖြုန်းနေတဲ့ ရေစီးကြောင်းထဲမှာ ကျွန်ုပ်အနေနဲ့ Message ပေးချင်တာကတော့ "အင်္ဂလိပ် သီချင်းနားထောင်, သီဆိုရင်း အင်္ဂလိပ်စာကိုပါ ပူတွဲလေ့လာလိုက်ရင်" "ကျွဲကူးရေပါ" ဆိုသလို ဖြစ်သွားအောင် သင့်ရဲ့အင်္ဂလိပ်စာသည် အရေး, အဖတ်, အပြောနှင့် နားထောင်မှုစွမ်းရည်ကိုပါ တိုးတက်လာစေပါလိမ့်မည်။

သင့်အတွက် အင်္ဂလိပ်စာသည် 4 Skills ကျွမ်းကျင်လိုလျှင် ကျွန်ုပ်ပြုစုထားသော "**The songs in English for you**" ဤ စာအုပ်ဖြင့် အင်္ဂလိပ်သီချင်း နားထောင်ရင်း အင်္ဂလိပ်စာကို လေ့လာကြည့်လိုက်ပါ။

အထူးသဖြင့် ဤစာအုပ်ထဲတွင် သီချင်းတစ်ပုဒ်ချင်းစီ၏ Idiom (IDM) နှင့် Phrase verb (PHRV) တို့ကို လွယ်ကူသော အဓိပ္ပါယ်ဖော်ပြချက်များဖြင့် ရှင်းလင်းထားပါသည်။ Idiom (IDM) ဆိုတာ လုံးကောက်တိုက်ရိုက်အဓိပ္ပါယ် မယူရဘဲ အတွဲလိုက် အဓိပ္ပါယ်ယူရတဲ့ အသုံးအနှုန်းပါ။ ဘာသာစကားတိုင်းမှာ Idiom (IDM) လို့ခေါ်တဲ့ ဓလေ့သုံးစကား ရှိကြပါတယ်။ Idioms ဆိုတာ အင်္ဂလိပ်လူမျိုးတွေရဲ့ ဓလေ့သုံးစကားစစ်စစ်ပါ။ သူ့ဘာသာစကားသင်ယူလေ့လာလိုက်စားမှုတော့ သူတို့လိုပဲ ပြောဆိုရေးသားသင့်ပါတယ်။

ပညာရှင်တွေဖြစ်တဲ့ Ruth Cairne and Stuart Redman တို့ ရေးပြီး (2011) ခုနှစ်မှာ ထုတ်တဲ့ Oxford Word Skills မှာ ဖော်ပြထားတာက -

"Idioms are usually defined as group of words whose overall meaning is different from the meaning of the individual word." တဲ့။

အဓိပ္ပာယ်ကတော့ "အဘိဓာန်က ယေဘုယျဖွင့်ဆိုသည့် အဓိပ္ပာယ်ကို မယူဘဲ ဆိုလိုရင်းပစ်မှတ်အနက် (semantic) သက်ရောက်သည်ကိုသာ ဆိုလိုသည်" ဟု ခံယူပါသည်။

သဘောပေါက်နားလည်အောင် ဥပမာတစ်ခုပြောပါမည်။ "red carpet reception" ဆိုပါတော့။ အဘိဓာန်ပေး အနက်အတိုင်း ကောက်ရင် ကောဇောနီ ခင်း၍ ကြိုဆိုခြင်း" ပေါ့။ မှန်လွန်းတယ်။ ဆိုလိုရင်းပစ်



မှတ်အနက်က "**သောင်းသောင်း ဖျဖျကြိုဆိုခြင်း**" က ပိုလို့ သဘာဝကျပါတယ်။ Definition နဲ့လည်း ကိုက်ညီတယ်။

အင်္ဂလိပ်စကားကို သဘာဝကျကျ ထိထိမိမိ လှလှပပ ပြောချင်ရင် Idiom (IDM) တွေကို သုံးတတ်ဖို့ လိုပါတယ်။ ဤစာအုပ်ထဲတွင် Idiom (IDM) များကို မျက်စိယဉ်၊ နားယဉ်နိုင်စေမည့် သာဓကအသုံးအနှုန်းများဖြင့် ဖော်ပြထားပါသည်။

ဤစာအုပ်၏ထူးခြားချက်မှာ-

(၁) သီချင်းတစ်ပုဒ်ချင်းစီ၏ မူရင်းတေးရေးဆရာနှင့် အဆိုတော်အမည်၊ အင်္ဂလိပ်စာသားများကို မြန်မာပြန်ဖြင့် ဖော်ပြထားခြင်း။

(၂) သီချင်းတစ်ပုဒ်ချင်းစီ၏ စာသားများထဲတွင် ခက်ခဲသော ဝေါဟာရများကို Glossary ကဏ္ဍတွင် မြန်မာအဓိပ္ပါယ်ဖြင့် ဖော်ပြထားခြင်း။

(၃) သီချင်းများထဲတွင် ပါသော Idiom (အီဒီယမ်) နှင့် Phrase verb (ကြိယာပုဒ်စု) များကို **Bold** လုပ်ပြီး ထုတ်နုတ်ဖော်ပြထားခြင်း။

(၄) ၎င်း Idiom (အီဒီယမ်) နှင့် Phrase verb (ကြိယာပုဒ်စု) တို့ကို ကြည့်ရှုရန်ကဏ္ဍတွင် အလွယ်တကူ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်စေရန် သာဓကအသုံးအနှုန်းများ၊ ၎င်းသာဓက အသုံးအနှုန်းများ၏အချို့ကို မြန်မာပြန်ဖြင့် ဖော်ပြထားခြင်းဟူ၍ လေးကဏ္ဍခွဲပြီး ဖော်ပြထားပါသည်။

အင်္ဂလိပ်သီချင်းဝါသနာရှင်များအတွက် သီချင်းနားထောင် သီဆိုရင်း အင်္ဂလိပ်စာကို လေ့လာပြီး သင့်အတွက် အင်္ဂလိပ်စာ တိုးတက်မြင့်မားလာအောင် တွန်းအားပေးလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဤကဲ့သို့ ပြုစုခဲ့ရာတွင်-

1. Oxford Advanced Learner's Dictionary, 8th Edition
2. Cambridge Advanced Learner's Dictionary – 4th Edition
3. The Student Dictionary
4. Internet, Google, Facebook တို့ကို အဓိက ကိုးကားပြီး အခြားစာအုပ်ပေါင်းများစွာကိုပါ လိုအပ်သလို ဖြည့်စွက်ထားပါသည်။

## The songs in English for you

သင့်အတွက်အင်္ဂလိပ်သီချင်းများ(၂)

### BOOK-2

တက္ကသိုလ်ဖေယျ


| No. | Title | Page |
|---|---|---|
| 1. | **Without Me** *Halsey* | 1 |
| 2. | **Try Everything** *Shakira* | 7 |
| 3. | **Broken Angel** *Arash* | 14 |
| 4. | **Breathless** *Shayne Ward* | 20 |
| 5. | **Let Her Go** *Passenger* | 27 |
| 6. | **The Heart Wants What it Wants** *Selena Gomez* | 33 |
| 7. | **Beautiful In White** *Shane Filan* | 41 |
| 8. | **Hello My Love** *Westlife* | 47 |
| 9. | **When You Say Nothing At All** *Ronan Keating* | 55 |
| 10. | **All I Ever Need** *Austin Mahone* | 59 |
| 11. | **Love Is Gone** *Dylan Matthew and SLANDER* | 64 |
| 12. | **She's Gone** *Steelheart* | 68 |
| 13. | **Right Here Waiting** *Richard Marx* | 73 |
| 14. | **Love Will Remember** *Selena Gomez* | 82 |
| 15. | **My Dilemma** *Selena Gomez* | 89 |
| 16. | **When You're Gone** *Avril Lavigne* | 95 |
| 17. | **Far Away** *Nickelback* | 100 |
| 18. | **Fool Again** *Westlife* | 105 |
| 19. | **Make You Mine** *Danielle Bradbery and PUBLIC* | 115 |
| 20. | **When We Were Young** *Adele* | 125 |
| 21. | **Criminal** *Britney Spears* | 132 |
| 22. | **Why Not Me?** *Enrique Iglesias* | 136 |
| 23. | **Loneliest Time Of Year** *Mabel* | 140 |
| 24. | **Way Back Home** *Shaun, Conor Maynard* | 145 |
| 25. | **Gorgeous** *Taylor Swift* | 150 |
| | INDEX | 155 |